ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
အမှတ်၊ ၃၆၃/၄၂၁၊ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

Email: dma@motc.gov.mm,dma.myan@gmail.com Tel:951397640

PO.Box:194 Fax:951397641

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၂ ရက်

# ညွှန်ကြားချက် ( ၃/ ၂၀၂၀ )

အကြောင်းအရာ။ **Coronavirus Disease 2019 (COVID- 19) ရောဂါကာလ လေကြောင်းလိုင်းများ ပြန်လည်ဖွင့်လှစ်ချိန်၌ Crew Change ဆောင်ရွက်ရာတွင် SRPS ကုမ္ပဏီများနှင့် သင်္ဘောသားများ လိုက်နာ ဆောင်ရွက်ရမည့် ညွှန်ကြားချက် ထုတ်ပြန်ခြင်းကိစ္စ**

ရည် ညွှန်း ချက်။ IMO ၏ (၅-၅-၂၀၂၀) ရက်စွဲပါ Circular Letter No. 4204 - Add. 14 Coronavirus (Covid-19) - Recommended Framework of Protocols1

၁။ Coronavirus Disease 2019 (COVID- 19) ရောဂါ ကာလရှည်ကြာလာသည်နှင့်အမျှ ကမ္ဘာ့ရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် ကြီးစွာသော စိန်ခေါ်မှုများဖြစ်ပေါ်လာပါသည်။ နိုင်ငံအများအပြားတွင် COVID-19 ရောဂါကြောင့် Lock down များပြုလုပ်ခြင်း၊ လေဆိပ်များတွင် လေယာဉ်ဆင်းသက်မှုများကန့်သတ်ခြင်း၊ လေကြောင်းခရီးစဉ် ဖျက်သိမ်းခြင်းများကို ဆောင်ရွက်ခဲ့ကြသဖြင့် သင်္ဘောပေါ်တွင် တာဝန်ထမ်းဆောင်လျှက်ရှိကြသော စာချုပ်သက်တမ်းပြီးဆုံး၍ မိခင်နိုင်ငံသို့ ပြန်ကြမည့် သင်္ဘောသားများအတွက် Crew Change ပြုလုပ်ရန် အခက်အခဲများ ဖြစ်ပေါ်လျှက်ရှိပါသည်။ သို့ဖြစ်၍ International Maritime Organization (IMO) သည် ရည်ညွှန်းချက်ပါ Circular Letter ကို သက်ဆိုင်ရာနိုင်ငံများ၊ ပတ်သက်ဆက်နွယ်လျှက်ရှိသော အဖွဲ့အစည်းများ၊ သင်္ဘောပိုင်ရှင်များ၊ SRPS ကုမ္ပဏီများ၊ အေးဂျင့်များနှင့် သင်္ဘောသားများ ပူးပေါင်းပါဝင် လိုက်နာဆောင်ရွက်နိုင်ရန် ထုတ်ပြန်ခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ SRPS ကုမ္ပဏီများနှင့် Crew change ဆောင်ရွက်ကြမည့် (အသွား/အပြန်) သင်္ဘောသားများအနေဖြင့် အောက်ပါညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ညွှန်ကြားလိုက်ပါသည် -

(က) **သင်္ဘောသို့ သွားရောက်တာဝန်မထမ်းဆောင်မီ ဆောင်ရွက်ရန်**

(၁) **ကုမ္ပဏီများမှ ဆောင်ရွက်ရန်**

(ကက) မူလနေရပ်တွင် နေထိုင်သောအချိန်အတွင်း သင်္ဘောသားများ၏ ကျန်းမာရေးကို စောင့်ကြည့်လေ့လာနိုင်ရန် ဆောင်ရွက်ရမည်။

( ခခ ) ခရီးထွက်ခွာခြင်းမပြုမီ မူလနေရပ်တွင် နေထိုင်သောအချိန်အတွက် မှတ်တမ်းများကို မှတ်တမ်းတင်ထားရမည်။

( ဂဂ ) သင်္ဘောသားများအား WHO ၏ လမ်းညွှန်မှုအပေါ်အခြေခံ၍ COVID-19 ကူးစက်ရောဂါကာကွယ်ခြင်းနှင့် ထိန်းချုပ်မှုဆိုင်ရာ ကြိုတင်ကာကွယ်မှုများ နှင့်ပတ်သက်သော အချက်အလက်များပေးရမည်။

(ဃဃ) သင်္ဘောသားများကို ကုမ္ပဏီ၏ COVID-19 အစီအစဉ်များ၊ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို ပေးရမည်။

( ငင ) လိုအပ်ပါက သင်္ဘောသားများအတွက် (PPE) နှင့်အခြားသောပစ္စည်းများ (ဥပမာ- Mask များ၊ လက်အိတ်များ၊ လက်သန့်ရှင်းရေးပစ္စည်း၊ သာမိုမီတာ စသည်) ထောက်ပံ့နိုင်ရေး ဆောင်ရွက်ပေးရမည်။

( စစ ) လေယာဉ်ခရီးစဉ်များနှင့် Transit များအတွက် လိုအပ်ချက်များကို ကြိုတင် ပြင်ဆင်စီမံပေးရမည်။

(ဆဆ) Crew change သွားရောက်မည့် သင်္ဘောသားများအတွက် အောက်ပါ စာရွက်စာတမ်းများကို ထောက်ပံ့ပေးရမည်- (နောက်ဆက်တွဲတွင် ကြည့်ပါ)

(၁၁) B Crew Health Self-Declaration Form & Record

(၂၂) C Employer Letter and Crew Change & Travel Information Sheet

(၃၃) D Port – Crew Change Information Sheet

(၄၄) E Airport – Crew Travel Information Sheet (for both departure and arrival airports, as well as any transit airports)

(၅၅) F Airline – Crew Travel Information Sheet

(၆၆) G National – Crew Change & Travel Information Sheet (for Flag State and both departure and arrival countries)

( ဇဇ ) သင်္ဘောသို့ သွားရာခရီးစဉ်တွင် ကုမ္ပဏီနှင့် သက်ဆိုင်ရာအာဏာပိုင်များမှ ညွှန်ကြားထားသည့် လိုအပ်သည့် စာရွက်အထောက်အထားများကို ကြိုတင် ပြင်ဆင်ပေးရမည်။

## (၂) သင်္ဘောသားများအတွက် ညွှန်ကြားရန်

(ကက) COVID-19 ရောဂါနှင့် ပတ်သက်သည့် အာဏာပိုင်များမှ ထုတ်ပြန်ထားသောအချက်အလက်များနှင့် ကူးစက်ရောဂါ ကာကွယ်ရေးနှင့် ထိန်းချုပ်မှု ကြိုတင်ကာကွယ်မှုများ သိရှိလေ့လာစေရန်၊

( ခခ ) သင်္ဘောပေါ်တွင် လိုက်နာဆောင်ရွက်ရမည့် COVID-19 အစီအစဉ်များနှင့်လုပ်ထုံးလုပ်နည်းများ၊ သတင်းအချက်အလက်နှင့်လမ်းညွှန်မှုအားသိရှိစေရန်၊

( ဂဂ ) WHO နှင့် ဒေသအာဏာပိုင်များမှသတ်မှတ်ထားသည့် Social distancing ၊ Self Isolation ၊ တစ်ကိုယ်ရေသန့်ရှင်းမှု (ဥပမာ-လက်ဆေးခြင်း၊ မျက်နှာထိခြင်းမှ ရှောင်ရှားခြင်းစသည်) နှင့် ကူးစက်ရောဂါကာကွယ်ခြင်းနှင့် ထိန်းချုပ်သော ကြိုတင်ကာကွယ်မှုများ သိရှိစေရန်၊

(ဃဃ) COVID-19 လက္ခဏာပြသသူများ (ဥပမာ-ချောင်းဆိုးခြင်း၊ အဖျားစသည်တို့) နှင့်အနီးကပ် ထိတွေ့ခြင်းကိုရှောင်ရန်၊

( ငင ) နေ့စဉ်အပူချိန်ကို နှစ်ကြိမ်စစ်ဆေးပြီး ခရီးမသွားမီ လိုအပ်သည့်ရက်များအတွင်းမှတ်တမ်းများကို သိမ်းထားစေရန်၊ (Appendix- B)

( စစ ) သင်္ဘောသို့ မထွက်ခွာမီ COVID-19 ၏ရောဂါလက္ခဏာများ မိမိထံတွင်ပြသပါက သတင်းပို့စေရန်၊

(ဆဆ) မူလနေရပ်တွင်ရှိနေစဉ် သင်္ဘောသားများအတွက် ညွှန်ကြားချက်များအား Online မှပေးပို့ခြင်း၊ စာရွက်စာတမ်းများကို လက်မှတ်ရေးထိုးရန်ရှိသည်များကို အီလက်ထရောနစ်လက်မှတ်များ အသုံးပြုခြင်းစသည်များဖြင့် အတတ်နိုင်ဆုံးဆောင်ရွက်ရန်၊

( ဇဇ ) Crew Change အတွက် ခရီးသွားစဉ် သက်ဆိုင်ရာအာဏာပိုင်များ (သို့မဟုတ်) အခြားသက်ဆိုင်သူများက စစ်ဆေးနိုင်သည့် အောက်ပါစာရွက်စာတမ်းများကို ပြင်ဆင်စုဆောင်းစေရန်-

(၁၁) A Evidence of Seafarers Status Document(s)

(၂၂) B Crew Health Self-Declaration Form & Record

(၃၃) C Employer Letter and Crew Change & Travel Information Sheet

(ဈဈ) ခရီးသွားလာခြင်းနှင့် ပတ်သက်သည့် ကုမ္ပဏီနှင့် သက်ဆိုင်ရာအာဏာပိုင်များက ညွှန်ကြားထားသည့် လိုအပ်သော အခြား စာရွက်စာတမ်းများကို စုဆောင်းစေရန်၊

(ခ) **လေဆိပ်/ ဟိုတယ်/ ဆိပ်ကမ်း/ မူလနေရပ်များသို့ သွားရောက်ချိန်တွင် လိုက်နာဆောင်ရွက်ရန်**

(၁) **ကုမ္ပဏီမှဆောင်ရွက်ရန်**

(ကက) ယာယီနေထိုင်နေရာမှ ထွက်ခွာပြီးနောက် ပြင်ပပုဂ္ဂိုလ်များနှင့် အဆက်အသွယ် အနည်းဆုံးဖြစ်နိုင်မည့် လေဆိပ်သို့သွားလာရေး နည်းလမ်းများ စီစဉ်ပေးရမည်။

( ခခ ) အများပြည်သူ သယ်ယူပို့ဆောင်ရေးဖြင့် ခရီးသွားလာခြင်းကို တတ်နိုင်သမျှ ရှောင်ရှားရမည်။

(၂) **သင်္ဘောသားများအတွက် ညွှန်ကြားရန်**

(ကက) ဒေသအာဏာပိုင်၏ ညွှန်ကြားချက်နှင့်အညီ တစ်ကိုယ်ရေ သန့်ရှင်းမှုနှင့်ဘေးကင်းသောအစားအစာ ကိုင်တွယ်ခြင်း အလေ့အကျင့်များနှင့် သက်ဆိုင်သော ရောဂါကူးစက်မှုကို ကာကွယ်ခြင်းနှင့် ထိန်းချုပ်ခြင်း ကြိုတင်ကာကွယ်ရေးများကို လိုက်နာစေရန်၊ (ဥပမာ– Social distancing ၊ လက်ဆေးခြင်း၊ လက်သန့်ရှင်းဆေးရည်သုံးခြင်း၊ မျက်နှာမထိခြင်း စသည်)

( ခခ ) COVID–19 လက္ခဏာပြသသူများ (ဥပမာ ချောင်းဆိုးခြင်း၊ အဖျား စသည် တို့) များနှင့် အနီးကပ်ထိတွေ့ခြင်းကိုရှောင်ရန်၊

( ဂဂ ) ခရီးသွားလာရာတွင် တစ်ကိုယ်ရည်လုံခြုံမှုအတွက် ညွှန်ကြားထားသည့် အကာအကွယ်ပစ္စည်းများ ဝတ်ဆင်စေရန်၊ (ဥပမာ– Mask နှင့် လက်အိတ်စသည်တို့ဖြစ်သည်)

(ဃဃ) မိမိတို့၏ ခရီးဆောင်အိတ်များကို ကိုယ်တိုင်သယ်ယူစေရန်၊

( ငင ) ခရီးစဉ်အတွက် လိုအပ်သောစာရွက်စာတမ်းများကို အလွယ်တကူ ထုတ်ယူ ပြသနိုင်သောအိတ်တွင် သယ်ဆောင်စေ၍ စစ်ဆေးမှုပြီးမြောက်တိုင်း ပိုးမွှားသန့်စင်ပြီးမှ သိမ်းဆည်းစေရန်၊

( စစ ) ဒေသအာဏာပိုင်များမှ စစ်ဆေးရန်အတွက် တောင်းဆိုပါက လိုအပ်သော စာရွက်စာတမ်းများ တင်ပြစေရန်။

(ဂ) **ဟိုတယ် (သို့မဟုတ်) ယာယီတည်းခိုရာနေရာတွင်ရှိစဉ် လိုက်နာဆောင်ရွက်ရန်**

(၁) **သင်္ဘောသားများအတွက် ညွှန်ကြားရန်**

(ကက) ဟိုတယ်၊ ယာယီနေရာထိုင်ခင်း (သို့မဟုတ်) Quarantine နေရာများတွင်သက်ဆိုင်ရာ ဒေသအာဏာပိုင်မှ သတ်မှတ်ညွှန်ကြားချက်များ အတိုင်းလိုက်နာဆောင်ရွက်ရန်၊

( ခခ ) WHO နှင့် ဒေသအာဏာပိုင်များမှ သတ်မှတ်ထားသည့် Social distancing ၊ Self Isolation ၊ တစ်ကိုယ်ရေသန့်ရှင်းမှု (ဥပမာ– လက်ဆေးခြင်း၊ မျက်နှာထိခြင်းမှ ရှောင်လွှဲခြင်းစသည်တို့) နှင့် ကူးစက်ရောဂါကာကွယ်ခြင်းနှင့် ထိန်းချုပ်သော ကြိုတင်ကာကွယ်မှုများ လိုက်နာစေရန်၊

( ဂဂ ) COVID–19 လက္ခဏာပြသသူများ (ဥပမာ– ချောင်းဆိုးခြင်း၊ အဖျားစသည်တို့) နှင့်အနီးကပ်ထိတွေ့ခြင်းကို ရှောင်စေရန်၊

(ဃဃ) နေ့စဉ်အပူချိန်ကို နှစ်ကြိမ်စစ်ဆေးပြီး ခရီးမသွားမီလိုအပ်သည့် ရက်များအတွင်း မှတ်တမ်းများကို သိမ်းထားစေရန်၊ (မှတ်တမ်းများကို ထိန်းသိမ်းရန်အကြံပြုထားသောပုံစံကို နောက်ဆက်တွဲတွင်ကြည့်ပါ)

( ငင ) သင်္ဘောသို့မထွက်ခွာမီ COVID–19 လက္ခဏာများ မိမိထံတွင် ပြသပါကသင်္ဘောသို့မသွားမီ ကုမ္ပဏီ (သို့မဟုတ်) ဒေသခံကိုယ်စားလှယ်ထံသို့ အကြောင်းကြားစေရန်။

## (ဃ) **လေဆိပ်တွင်လိုက်နာဆောင်ရွက်ရန်**

### (၁) **ကုမ္ပဏီမှဆောင်ရွက်ရန်**

(ကက) ဆိုက်ရောက်လေဆိပ်၏ အပူချိန်စစ်ဆေးခြင်းကဲ့သို့ ကျန်းမာရေးစစ်ဆေးမှု လိုအပ်ချက်များ အပါအဝင် လေဆိပ်နှင့် သက်ဆိုင်ရာဒေသခံအာဏာပိုင်များ၏ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများကိုလိုက်နာစေရန်၊

( ခခ ) သင်္ဘောသားများကို သူတို့၏ ခရီးစဉ်များနှင့် ပတ်သက်သည့် နောက်ဆုံးရ သတင်းအချက်အလက်များကို တတ်နိုင်သမျှ အမြန်ဆုံးပေးရန်၊

( ဂဂ ) ဆိုက်ရောက်မည့်လေဆိပ်နှင့်ပတ်သက်သည့် သတင်းအချက်အလက်နှင့်ညွှန်ကြားချက်များကို ထောက်ပံ့ရန်၊

(ဃဃ) ကူးစက်ရောဂါကာကွယ်ထိန်းချုပ်မှုနှင့် ပတ်သက်သည့် အချက်အလက်နှင့် ညွှန်ကြားချက်များပေးရန်။

### (၂) **သင်္ဘောသားများအတွက်ညွှန်ကြားရန်**

(ကက) ကူးစက်ရောဂါကာကွယ်ခြင်းနှင့် ထိန်းချုပ်သော၊ ကြိုတင်ကာကွယ်ရေးများကို လိုက်နာစေရန်၊ (ဥပမာ– လက်ဆေးခြင်း၊ လက်သန့်ရှင်းဆေးရည်အသုံးပြု၍ လက်သန့်ရှင်းခြင်း၊ မျက်နှာမထိခြင်း စသည်)

( ခခ ) WHO မှ အကြံပြု ထားသည့် လူမှုရေးအကွာအဝေးကို အနည်းဆုံး ၁ မီတာမှ ဖြစ်နိုင်သမျှ အတိုင်းအတာအထိ ထိန်းသိမ်းစေရန်၊

( ဂဂ ) မကျန်းမာသော (သို့မဟုတ်) COVID–19 လက္ခဏာများပြသသူနှင့် ထိတွေ့ ခြင်းကို ရှောင်ကျဉ်စေရန်၊ (ဥပမာ– ချောင်းဆိုးခြင်း၊ အဖျား စသည်တို့)

(ဃဃ) တစ်ကိုယ်ရေလုံခြုံမှုအတွက် အကာအကွယ်ကို ဝတ်ဆင်စေရန်၊ (ဥပမာ– Mask ၊ လက်အိတ် စသဖြင့်)

( ငင ) ခရီးသွားရန်အတွက် လိုအပ်သောစာရွက် စာတမ်းများကို အလွယ်တကူ ထုတ်ယူပြသနိုင်သော အိတ်တွင်သယ်ဆောင်စေ၍ စစ်ဆေးမှု ပြီးတိုင်း ပိုးမွှားသန့်စင်ပြီးမှ သိမ်းဆည်းစေရန်။

## (င) **လေယာဉ်ပေါ်တွင်လိုက်နာဆောင်ရွက်ရန်**

### (၁) **သဘော်သားများအတွက်ညွှန်ကြားရန်**

(ကက) လေယာဉ်နှင့် လေယာဉ်အမှုထမ်းများ၏ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာစေရန်၊

( ခခ ) လူမှုရေး အကွာအဝေးကို အခြားခရီးသည်များနှင့် တတ်နိုင်သမျှ အတိုင်းအတာအထိ ထိန်းသိမ်းထားစေရန်၊ လေကြောင်းလိုင်း (သို့မဟုတ်) လေယာဉ်အမှုထမ်းများ၏ စီစဉ်မှုအတိုင်း ဆောင်ရွက်စေရန်၊

( ဂဂ ) ကူးစက်ရောဂါကာကွယ်ခြင်းနှင့်ထိန်းချုပ်သောကြိုတင်ကာကွယ်ရေးများကို လိုက်နာစေရန်၊ (ဥပမာ– လက်ဆေးခြင်း၊ လက်သန့်ရှင်းဆေးရည်အသုံးပြု၍ လက်သန့်ရှင်းခြင်း၊ မျက်နှာမထိခြင်းစသည်တို့ ဖြစ်သည်)

(ဃဃ) မကျန်းမာသော (သို့မဟုတ်) COVID–19 လက္ခဏာများပြသသော သူများနှင့် ထိတွေ့ခြင်းကိုရှောင်စေရန်၊ (ဥပမာချောင်းဆိုးခြင်း၊ အဖျား စသည်တို့)

( ငင ) လေယာဉ်ပေါ်တွင်ရောဂါကာကွယ်ရေးအတွက်အသုံးပြုရန်ညွှန်ကြားထားသည်များကို ဝတ်ဆင်စေရန်၊ (ဥပမာ– Mask ၊ လက်အိတ် စသဖြင့်)

( စစ ) လေယာဉ်ပေါ်၌ လေယာဉ်ဝန်ထမ်းများ၊ အခြားခရီးသည်များ၊ လေယာဉ်အသုံးအဆောင်များကို ထိတွေ့ခြင်းမှ တတ်နိုင်သမျှ ရှောင်ကျဉ်စေရန်၊

(ဆဆ) ခရီးဆောင်အိတ်များကို ကိုယ်တိုင် ကိုင်တွယ်စေရန်။

(စ) **ဆိပ်ကမ်းနှင့် သင်္ဘောပေါ်တက်ရောက်သည့်အချိန်တွင်လိုက်နာဆောင်ရွက်ရန်**

(၁) **ကုမ္ပဏီမှဆောင်ရွက်ရန်**

(ကက) သင်္ဘောသည် ဆိပ်ကမ်းတွင်ဆိုက်ကပ်ထားသင့်သည်။ ကျောက်ချထားပါက သင်္ဘောသို့သွားရန်အတွက် Boat စီမံထားရပါမည်။ သို့မှသာ သင်္ဘောနှင့် ဆိပ်ကမ်းကြားတွင် အခြားသူများနှင့် ထိတွေ့ဆက်ဆံရမည့် အချိန်ကို လျှော့ချနိုင်မည်။

( ခခ ) သင်္ဘောမှဆိပ်ကမ်းသို့ Pre-Arrival Information ပေးပို့ရာတွင် Arrival crew list နှင့် Departure crew list များကို ကြိုတင်ပေးပို့ထားရမည်။

( ဂဂ ) သင်္ဘောသို့ သွားရန်အတွက် သယ်ယူပို့ဆောင်ရေးကို အေးဂျင့်များအားကြိုတင်စီစဉ်ထားရမည်။

(ဃဃ) လမ်းခရီးတွင် အသုံးပြုခဲ့သော တစ်ကိုယ်ရည်လုံခြုံမှု အကာအကွယ်များနှင့် သင်္ဘောပေါ်တွင် မလိုအပ်သည့် ပစ္စည်းများအား စွန့်ပစ်စေရမည်။ (ပြန်လည်ဆေးကြောနိုင်သော (သို့မဟုတ်) ပိုးမွှားသန့်စင်၍ ပြန်လည်အသုံး ပြုနိုင်သော ပစ္စည်းမှအပ)

( ငင ) သင်္ဘောပေါ်တွင် သတ်မှတ်ထားသော COVID-19 အစီအမံများအရ တစ်ကိုယ်ရည်လုံခြုံမှု အကာအကွယ်များကို ထောက်ပံ့ပေးရမည်။

( စစ ) ခရီးသွားစဉ် တစ်ခါသုံး တစ်ကိုယ်ရည်လုံခြုံမှု PPE အကာအကွယ်များကို ဝတ်ဆင်စေရမည်။

(ဆဆ) သင်္ဘောသားများ သင်္ဘောပေါ်တက်ရောက်ချိန်တွင် (Mask ၊ လက်အိတ်စသည့်)တစ်ကိုယ်ရည်လုံခြုံမှုအကာအကွယ်များ ဝတ်ဆင်စေရမည်။

( ဇဇ ) သင်္ဘောပေါ်တက်ရောက်ချိန်တွင် ကိုယ်အပူချိန် မှတ်တမ်းယူခြင်း၊ ဖြစ်နိုင်ပါက COVID-19 Test kit ဖြင့် စစ်ဆေးခြင်း ဆောင်ရွက်ရမည်။

(ဈဈ ) သင်္ဘောပေါ်မတက်ရောက်မီ ကျန်းမာရေးနှင့်ပတ်သက်သည့် အချက်အလက်များ ကိုယ်တိုင်ဖြည့်သွင်းစေရမည်။

(ညည) သင်္ဘောသားများ နေထိုင်သည့် နေရာ၏အပြင်ဘက် သတ်မှတ်ထားသောနေရာတွင် သင်္ဘောသား၏ပစ္စည်းများကို ပိုးမွှားသန့်စင်ခြင်း ပြုလုပ်ရမည်။

( ဋဋ ) သင်္ဘောပေါ်သို့ရောက်ရှိပြီးနောက် ၎င်းတို့ဝတ်ဆင်လာသည့် အဝတ်အစားများအား ပိုးမွှားသန့်စင်ခြင်း၊ လျှော်ဖွတ်ခြင်း ဆောင်ရွက်စေရမည်။

( ဌဌ ) သဘော်သားထံမှလက်ခံရရှိသော အထောက်အထားများအား ပိုးမွှား သန့်စင်စေရန်နှင့် လက်ဆေးကြောသန့်ရှင်းခြင်း ဆောင်ရွက်စေရန်။

## (၂) သင်္ဘောသားများအတွက်ညွှန်ကြားရန်

(ကက) ကူးစက်ရောဂါ ကာကွယ်ခြင်းနှင့် ထိန်းချုပ်သော ကြိုတင်ကာကွယ် ရေးများကို လိုက်နာစေရန်၊ (ဥပမာ– လက်ဆေးခြင်း၊ မျက်နှာ မထိခြင်း စသည်တို့ဖြစ် သည်)

( ခခ ) မကျန်းမာသော (သို့မဟုတ်) COVID–19 လက္ခဏာများပြသသော သူများနှင့် ထိတွေ့ခြင်းကို ရှောင်စေရန်၊ (ဥပမာ– ချောင်းဆိုးခြင်း၊ အဖျားစသည်တို့)

( ဂဂ ) မလိုအပ်ဘဲ ဆိပ်ကမ်း (သို့မဟုတ်) သင်္ဘောပေါ်မှလူများနှင့် ထိတွေ့ ဆက်ဆံခြင်းကို ရှောင်ရှားစေရန်၊

(ဃဃ) ညွှန်ကြားထားသည့် တစ်ကိုယ်ရည်လုံခြုံမှု အကာအကွယ်များ ဝတ်ဆင်စေရန်၊ (ဥပမာ – Mask ၊ လက်အိတ်စသည်)

( ငင ) ခရီးသွားရန်လိုအပ်သော စာရွက်စာတမ်းများကို အလွယ်တကူ ထုတ်ယူပြသနိုင်သော အိတ်တွင်သယ်ဆောင်စေ၍ စစ်ဆေးမှုပြီးပါက ပိုးမွှားသန့်စင်ပြီးမှ သိမ်းဆည်းစေရန်၊

( စစ ) ဆိပ်ခံတံတားနှင့် သင်္ဘောအတက်အဆင်းနေရာတွင် မလိုအပ်ဘဲ သင်္ဘောသားများအပါအဝင် အခြားသူများနှင့်ထိတွေ့မှုကို ရှောင်ကျဉ် စေရန်၊

(ဆဆ) WHO မှအကြံပြုထားသော လူမှုရေးအကွာအဝေးကို အနည်းဆုံး ၁ မီတာမှ ဖြစ်နိုင်သမျှ အတိုင်းအတာအထိ ထိန်းသိမ်းခြင်း ဆောင်ရွက်စေရန်၊

( ဇဇ ) သင်္ဘောတက်ရန်အတွက် PPE ကို ဝတ်ဆင်စေရန်၊

( ဈဈ ) ခရီးဆောင်အိတ်များကို ကိုယ်တိုင်သယ်ယူစေရန်၊

# (ဆ) သင်္ဘောပေါ်တွင်လိုက်နာဆောင်ရွက်ရန်

## (၁) ကုမ္ပဏီမှဆောင်ရွက်ရန်

(ကက) သင်္ဘောမတက်မီသင်္ဘောသားများ ရောဂါကူးစက်နိုင်သည့် အန္တရာယ် ကိုလျှော့ချရန်၊ ကျန်းမာရေး၊ ရောဂါကင်းရှင်းရေးနှင့် ကူးစက်ခြင်း မရှိစေရန် တို့ကို သေချာအောင် ဆောင်ရွက်ရမည်။

( ခခ ) သင်္ဘောအလံ လွှင့်ထူထားသောနိုင်ငံ၏ သတ်မှတ်ထားသော လိုအပ်ချက်များနှင့် သင်္ဘောသားများ၏ ဆောင်ရွက်ရန်များကို သင်္ဘော မတက်မီအချိန် ကာလသတ်မှတ်၍ ကြိုတင်ဆောင်ရွက်ရမည်။

( ဂဂ ) ၎င်း၏ သင်္ဘောများအတွက် COVID–19 အစီအစဉ်များနှင့် လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ထားပြီး ဖြစ်ရမည်။

(ဃဃ) အသစ်ရောက်ရှိလာသော သင်္ဘောသားများသည် ကုမ္ပဏီ၏ COVID–19 အစီအစဉ်များနှင့် လုပ်ထုံးလုပ်နည်းများနှင့် Shipboard self–distancing (SSD) အလေ့အကျင့်တို့တွင် အထောက်အကူ ဖြစ်စေရမည်။

( ငင ) အသစ်ရောက်ရှိလာသော သင်္ဘောသားများ နေ့စဉ်အလုပ်နှင့် တာဝန်များဆောင်ရွက်ရာတွင် အခြားသင်္ဘောသားများနှင့် နီးကပ် ထိတွေ့မှု လျှော့ချရမည်။

( စစ ) (SSD) ကိုကျင့်သုံးခြင်းအပြင် သင်္ဘောသားများနေ့စဉ် မိမိတို့ကိုယ်ပိုင် အခန်းနှင့် အိမ်သာများအား သန့်ရှင်းရေးဆောင်ရွက်နိုင်ရန် ပိုးသတ်ဆေးနှင့်သန့်ရှင်းရေး ပစ္စည်းများ ထောက်ပံ့ပေးရမည်။

(ဆဆ) သင်္ဘောပေါ်တွင် ကိုယ်အပူချိန်တိုင်းတာစစ်ဆေးခြင်းနှင့် မှတ်တမ်းရယူခြင်းအတွက် လိုအပ်သော ပစ္စည်းကိရိယာများ ထောက်ပံ့ဆောင်ရွက်ပေးရမည်။

( ဇဇ ) အသစ်ရောက်ရှိလာသော သင်္ဘောသားများကို ၎င်း၏ အခန်းတွင်းမဟုတ်သော အလုပ်ဝတ်စုံလဲလှယ်ရန်နေရာ သတ်မှတ်ပေးရမည်။

(၂) **သင်္ဘောသားများအတွက်ညွှန်ကြားရန်**

(ကက) သင်္ဘော (SSD) ကိုတတ်နိုင်သမျှ လိုက်နာအကောင်အထည်ဖော်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်စေရန်–

( ၁၁) WHO မှအကြံပြုထားသော လူမှုရေးအကွာအဝေးကို အနည်းဆုံး ၁ မီတာမှ ဖြစ်နိုင်သမျှ အတိုင်းအတာအထိ ထိန်းသိမ်းစေရန်၊

(၂၂) မလိုအပ်ဘဲ သင်္ဘောသားများ အပါအဝင် အခြားသူများနှင့် ထိတွေ့ဆက်ဆံခြင်းကို ရှောင်ကျဉ်စေရန်၊

(၃၃) လုံခြုံမှုအတွက်သင်္ဘောပေါ်ရှိ လျှောက်လမ်းများ၊ ထွက်ပေါက်များကို ဖြတ်သန်းသွားလာရာတွင် သတ်မှတ်ထားသောနေရာများကိုသာ အသုံးပြုစေရန်၊

(၄၄) လုပ်ငန်းဆောင်ရွက်သည့်ဧရိယာ၊ အသုံးအဆောင်၊ ကိရိယာများကို အသုံးပြုပြီးပါက ပိုးမွှားသန့်စင်စေရန်၊

(၅၅) သင်္ဘောပေါ်တွင် အများအသုံးပြုသည့် နေရာများဖြစ်သည့် စားရိပ်သာ၊ နားနေခန်း၊ အဝတ်လျှော်ခန်း စသည်များကို စုပေါင်း အသုံးပြုခြင်းမှတားမြစ်ထားရန်၊

(၆၆) အလုပ်ချိန် (သို့မဟုတ်) တာဝန်ပြီးဆုံးပြီးနောက် ချက်ချင်း မိမိအခန်းသို့ ပြန်နေစေရန်၊

(၇၇) အနားရချိန်တွင် သီးခြားစီမံထားသောနေရာနှင့် ကုန်းပတ်ပေါ်တွင် သတ်မှတ်ထားသော နေရာတွင် အနားယူခြင်းမှလွဲ၍ မိမိအခန်းတွင်သာ နေစေရန်၊

(၈၈) လုံခြုံမှုအတွက် အစားအစာများကို ၎င်းတို့၏အခန်းတွင် စားသုံးစေရန်၊

(၉၉) အခန်းအပြင်ထွက်တိုင်း ညွှန်ကြားထားသည့် PPE ဝတ်စုံ ဝတ်ဆင်စေရန်၊

( ခခ ) ကုမ္ပဏီ၏လုပ်ထုံးလုပ်နည်းများနှင့် WHO လမ်းညွှန်ချက်နှင့်အညီ Social distancing ၊ Self-isolation၊ တစ်ကိုယ်ရေသန့်ရှင်းမှု (ဥပမာ- လက်ဆေးခြင်း၊ မျက်နှာထိခြင်းမှ ရှောင်လွဲခြင်း စသည်တို့) နှင့်လုံခြုံသော အစားအစာကိုင်တွယ်ခြင်း ညွှန်ကြားချက်များကို လိုက်နာစေရန်၊

( ဂဂ ) မကျန်းမာသော (သို့မဟုတ်) COVID-19 လက္ခဏာများ ပြသသော သူများနှင့် ထိတွေ့ခြင်းကို ရှောင်စေရန်၊ (ဥပမာ- ချောင်းဆိုးခြင်း၊ အဖျားစသည်တို့)

(ဃဃ) အပူချိန်ကို နေ့စဉ်နှစ်ကြိမ်စစ်ဆေးစေရန်နှင့် မှတ်တမ်းများကို ထိန်းသိမ်းထားစေရန်၊ (မှတ်တမ်းများကို ထိန်းသိမ်းရန် အကြံပြုထားသော ပုံစံအတွက် နောက်ဆက်တွဲကိုကြည့်ပါ)

( ငင ) COVID-19 လက္ခဏာများပြသပါက Master (သို့မဟုတ်) ခန့်အပ်ထားသော တာဝန်ရှိသူအရာရှိကို အကြောင်းကြားစေရန်။

(ဇ) **သင်္ဘောပေါ်မှပြန်လည်မထွက်ခွာမီလိုက်နာဆောင်ရွက်ရန်**

(၁) **ကုမ္ပဏီမှဆောင်ရွက်ရန်**

(ကက) သင်္ဘောသားများ ပြန်လည်ထွက်ခွာလာသည့်အခါ ရောဂါကူးစက်နိုင်သည့်အန္တရာယ်ကိုလျော့ပါးစေရန် သင်္ဘောမှမဆင်းမီသင်္ဘောသားများကျန်းမာစွာရှိစေရန် ဆောင်ရွက်ရမည်။

( ခခ ) သင်္ဘောမှပြန်လည်မထွက်ခွာမီ လိုအပ်သည့် အစီအမံများနှင့် ဆောင်ရွက်ပေးရမည့် လိုအပ်ချက်များအား မည်သည့်အချိန် ဆောင်ရွက်ပေးရမည်ကို ကြိုတင်ဆုံးဖြတ် ဆောင်ရွက်ရမည်။

( ဂဂ ) သင်္ဘောများအား COVID-19 အစီအစဉ်များနှင့် လုပ်ထုံးလုပ်နည်းများကို သေချာစွာ သတ်မှတ်ထားရမည်။

(ဃဃ) ကုမ္ပဏီ၏ COVID-19 အစီအစဉ်များနှင့် လုပ်ထုံးလုပ်နည်းများအရ သင်္ဘောသားများသည် (SSD) ကိုကျင့်သုံးရာတွင် အထောက်အကူပြုနိုင်ရမည်။ (ဥပမာ- PPE၊ meal in cabin စသည်)

( ငင ) (SSD) ကျင့်သုံးပါက သင်္ဘောသားများကို နေ့စဉ်အလုပ်တာဝန်များ ခွဲဝေသတ်မှတ်ပေးရာ၌ အခြားသင်္ဘောသားများနှင့် နီးကပ်မှုကို မဖြစ်စေရေး ဆောင်ရွက်ပေးရမည်။

( စစ ) (SSD) ကိုကျင့်သုံးရာတွင် သင်္ဘောသားများ မိမိတို့၏ အခန်းနှင့် အိမ်သာကို နေ့စဉ်သန့်ရှင်းရေး ဆောင်ရွက်နိုင်ရန် လိုအပ်သောပစ္စည်းများ၊ ကိရိယာများကို ထောက်ပံ့ပေးရမည်။

(ဆဆ) (SSD)ကိုကျင့်သုံးရာတွင် သင်္ဘောသားများလုပ်ငန်းခွင်ဝတ်စုံလဲလှယ်ရန်နေရာသတ်မှတ် ဆောင်ရွက်စေရမည်။ (၎င်းတို့၏ အခန်းတွင်းမဆောင်ရွက်စေရန်)

( ဇဇ ) COVID-19 အစီအစဉ်များနှင့် လုပ်ထုံးလုပ်နည်းများအရ သင်္ဘောပေါ်ရှိပိုးမွှားသန့်စင်မည့် မျက်နှာပြင်များကို ထိန်းသိမ်းရန် သင့်လျော်သောတစ်ကိုယ်ရေသန့်ရှင်းမှု၊ သန့်ရှင်းစင်ကြယ်မှုနှင့် လိုအပ်သော PPE နှင့် အခြားပစ္စည်းများကို လုံလောက်စွာ ရရှိအောင်ပြုလုပ် ပေးရမည်။

( ဈဈ ) COVID-19 နှင့်ပတ်သက်သည့် WHO ၏လမ်းညွှန်မှုအပေါ် အခြေခံ၍ ကူးစက်ရောဂါ ကာကွယ်ခြင်းနှင့် ထိန်းချုပ်မှုဆိုင်ရာ ကြိုတင်

ကာကွယ်မှုများနှင့် ပတ်သက်သော အထွေထွေအချက်အလက်များ ဖြန့်ဝေပေးရမည်။

(ညည) ကုမ္ပဏီနှင့် သက်ဆိုင်ရာနိုင်ငံများမှ ညွှန်ကြားထားချက်များနှင့်အညီ သင်္ဘောသားများအား (PPE) နှင့် အခြားလိုအပ်သော ပစ္စည်းများ (ဥပမာ- Mask များ၊ လက်အိတ်များ၊ လက်သန့်ရှင်းဆေးရည်များ၊ သာမိုမီတာစသည်) ထောက်ပံ့နိုင်ရေး စီမံထားရမည်။

( ဋဋ ) ဆိပ်ကမ်းနှင့်သက်ဆိုင်ရာအာဏာပိုင်များ၏ ညွှန်ကြားချက်များကို အတက်/ အဆင်းပြုလုပ်မည့် သင်္ဘောသားများအား Pre-arrival information အဖြစ် ကြိုတင်သတိပေးထားရမည်။

( ဌဌ ) သင်္ဘောသားများအတွက် ခရီးသွားလာခြင်းနှင့် ပတ်သက်သည့် လေယာဉ်ခရီးစဉ်အစရှိသည့် ခရီးစဉ်ဆိုင်ရာ အချက်အလက်များကို ကြိုတင်ညှိနှိုင်း ဆောင်ရွက်ထားရမည်။

( ဍဍ ) သင်္ဘောသားများအတွက် အောက်ဖော်ပြပါ Crew change စာရွက်စာတမ်းများနှင့် ခရီးသွား အထောက်အထားများကို သေချာစွာ ထောက်ပံ့ပေးရမည်-

- (၁၁) B Crew Health Self-Declaration Form & Record
- (၂၂) C Employer Letter and Crew Change & Travel Information Sheet
- (၃၃) D Port – Crew Change Information Sheet
- (၄၄) E Airport – Crew Travel Information Sheet (for both departure and arrival airports, as well as any transit airports)
- (၅၅) F Airline – Crew Travel Information Sheet
- (၆၆) G National – Crew Change & Travel Information Sheet (for Flag State and both departure and arrival countries)

( ဎဎ ) သင်္ဘောပေါ်တွင်ရှိစဉ် လက်မှတ်ထိုးရန်မလိုသော လုပ်ထုံးလုပ်နည်းများကို Online ဖြင့်ဆောင်ရွက်စေရမည်။

## (၂) သင်္ဘောသားများအတွက်ညွှန်ကြားရန်

(ကက) ကုမ္ပဏီနှင့် WHO ၏လမ်းညွှန်ချက်နှင့်အညီ Social distancing၊ Self- Isolation တစ်ကိုယ်ရည်သန့်ရှင်းမှု (ဥပမာ- လက်ဖြင့်ဆေးခြင်း၊ မျက်နှာထိခြင်းမှ ရှောင်ရှားခြင်း)နှင့် ကူးစက်ရောဂါကာကွယ်ခြင်းနှင့် ထိန်းချုပ်သော ကြိုတင်ကာကွယ်မှုများအား လိုက်နာစေရန်၊

( ခခ ) မကျန်းမမာဖြစ်နေသူ (သို့မဟုတ်) COVID-19 လက္ခဏာများ (ဥပမာ- ချောင်းဆိုးခြင်း၊ အဖျားစသည်တို့) ရှိသူများနှင့်အနီးကပ်ထိတွေ့ခြင်းကို ရှောင်စေရန်၊

( ဂဂ ) သင်္ဘောသား၏အပူချိန်ကို တစ်နေ့နှစ်ကြိမ်စစ်ဆေးပြီး ခရီးမသွားမီရက်များအတွင်း မှတ်တမ်းများကို သိမ်းထားစေရန်၊ (မှတ်တမ်းများကိုထိန်းသိမ်းရန်အတွက် အကြံပြုပုံစံကိုနောက်ဆက်တွဲတွင်ကြည့်ပါ)

(ဃဃ) COVID-19 လက္ခဏာများပြသပါက Master (သို့မဟုတ်) တာဝန်ပေးအပ်ထားသူကို အကြောင်းကြားစေရန်၊

( ငင ) COVID-19 နှင့်ပတ်သက်သော ဒေသဆိုင်ရာ အာဏာပိုင်များမှ ထုတ်ပြန်ထားသော ကူးစက်ရောဂါကာကွယ်ခြင်းနှင့် ထိန်းချုပ်မှုဆိုင်ရာ ကြိုတင်ကာ ကွယ်မှုများအား ကြိုတင်လေ့လာစေရန်၊

( စစ ) အပြန်ခရီးစဉ်တွင် ဖြတ်သန်းရမည့် သက်ဆိုင်ရာနိုင်ငံများ၏ Crew change နှင့်ပတ်သက်၍ လိုအပ်သည့် စာရွက်စာတမ်းများအား ပြင်ဆင်စုဆောင်းစေရန်၊ စာရွက်စာတမ်းများတွင် အောက်ပါစာရွက်စာတမ်းများနှင့် ပုံစံများ ပါဝင်သင့်သည်-

(၁၁) A Evidence of Seafarers Status Document(s)

(၂၂) B Crew Health Self-Declaration Form & Record

(၃၃) C Employer Letter and Crew Change & Travel Information Sheet

(ဆဆ) ခရီးသွားရန်အတွက်လိုအပ်သည့် စာရွက်စာတမ်းများကို စုဆောင်းစေရန်၊ (ဥပမာ- နိုင်ငံကူးလက်မှတ်)

( ဇဇ ) Off-signing လုပ်ထုံးလုပ်နည်းများကိုအမြန်လုပ်ဆောင်၍ အခြားညွှန်ကြားချက်များကို Online မှရယူစေရန်။ (ခရီးစဉ်အတွက် လိုအပ်သောစာရွက်စာတမ်းများနှင့် ခရီးသွားလာခြင်း ညွှန်ကြားချက်များအစရှိသည်)

(ဈ) မူလနေရပ်ပြန်ရောက်ပြီးနောက်ဆောင်ရွက်ပေးရန်

(၁) ကုမ္ပဏီမှဆောင်ရွက်ရန်

(ကက) သက်ဆိုင်ရာနိုင်ငံ၏သတ်မှတ်ချက်များအရ Self-isolation ပြုလုပ်ခြင်းနှင့် Quarantine ပြုလုပ်ခြင်းများနှင့်ပတ်သက်၍ အေးဂျင့် (သို့မဟုတ်) ကိုယ်စားလှယ်များမှတဆင့် အကြံပြု ဆောင်ရွက်ရမည်။

(ခခ) COVID-19 နှင့်ပတ်သက်သော သက်ဆိုင်ရာနိုင်ငံနှင့် WHO ၏ ညွှန်ကြားချက်၊ ကူးစက်မှုကာကွယ်ခြင်း၊ ထိန်းချုပ်ခြင်းဆိုင်ရာများနှင့် ပတ်သက်သော အချက်အလက်များကို သင်္ဘောသားအား ထောက်ပံ့ရမည်။

(၂) သင်္ဘောသားများအတွက်ညွှန်ကြားရန်

(ကက) ဒေသအာဏာပိုင်များမှ ထုတ်ပြန်ထားသော COVID_19 နှင့်ပတ်သက်သည့် ညွှန်ကြားချက်၊ ကူးစက်မှုကာကွယ်ရေး၊ ရောဂါထိန်းချုပ်မှုဆိုင်ရာ ညွှန်ကြားချက်များနှင့် အကျွမ်းဝင်မှုရရှိရန် ဆောင်ရွက်စေရမည်။

(ခခ) နိုင်ငံတော်နှင့်ဒေသအာဏာပိုင်များမှ သတ်မှတ်ထားသော ရောဂါကူးစက်မှု ကာကွယ်ခြင်းနှင့် ထိန်းချုပ်ခြင်းနှင့်ဆိုင်သော ကြိုတင်ကာကွယ်မှုများ Social distancing၊ Self-isolation၊ တစ်ကိုယ်ရည်သန့်ရှင်းမှုများအားလိုက်နာဆောင်ရွက်စေရမည်။ (ဥပမာ-လက်ဆေးခြင်း၊ မျက်နှာထိခြင်းမှ ရှောင်ခြင်းစသည်တို့)

(ဂဂ) COVID-19 လက္ခဏာများပြသခဲ့လျှင်ကုမ္ပဏီ (ဒေသခံကိုယ်စားလှယ် (သို့မဟုတ်) အေးဂျင့်) ကိုအကြောင်းကြားရမည်။

22/5/20

စိုးနိုင်

ညွှန်ကြားရေးမှူးချုပ် (ပူးတွဲတာဝန်)

စာအမှတ်၊ ရညန/ ညွှန်ကြားချက်/ ၀၄၉၄

ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၂ ရက်

ဖြန့်ဝေခြင်း

SRPS ကုမ္ပဏီများ

မိတ္တူကို-

သင်္ဘောသားဌာနခွဲ

ရုံးလက်ခံ

# A Evidence of Seafarer Status Document(s)

The protocols refer to seafarers carrying a document or documents that can individually evidence that they are a bona fide seafarer.

Any or a combination of the following documents should be accepted as evidence of being seafarers and are documents that have been established by international conventions and/or are consistent with those referenced in IMO Circular Letter No.4204/Add.6 (27 March 2020).

Seafarer identity document (SID)

> *A seafarer's identity document (SID) is issued by a State to each of its nationals and permanent residents who are seafarers under ILO Seafarers' Identity Documents Convention, 1958 (No. 108)* and *the ILO Seafarers' Identity Documents Convention (Revised), 2003 (No.185). Any seafarer who holds a SID should be recognized as a seafarer. States are required to permit the entry into their territory of seafarers holding a valid SID supplemented by a passport, when entry is requested for the purpose of joining their ship or passing in transit to join their ship in another country or for repatriation.*

Seafarer employment agreement (SEA)

> *A seafarer's employment agreement (SEA) is required to be signed by both the seafarer and the shipowner (or a representative of the shipowner) under the ILO Maritime Labour Convention, 2006, as amended. It is a written legally enforceable agreement that sets out the terms and conditions for employment of a seafarer. Minimum particulars to be contained in a SEA include the seafarer's full name, date of birth and their capacity.*

Seafarer certificates (CoCs, CoPs, flag State endorsements and medical certificates)

> *A seafarer certificate is issued to seafarers who meet the requirements for service, age, medical fitness, training, qualification and examinations under the IMO International Convention on Standards of Training, Certification and Watchkeeping for Seafarers (STCW), 1978, as amended. The capacity in which a seafarer is authorized to serve is identified on their certificate of competency (CoC) or certificate of proficiency (CoP). Seafarers serving on ships flying the flag of a State that is not the same as the Administration who issued their original certificate are required to hold an endorsement attesting to the recognition of a certificate (i.e. flag State endorsement), or documentary proof that an application for an endorsement has been submitted (i.e. CRA). Seafarers also carry medical certificates which certify their fitness for duty following an examination by an approved medical practitioner as required by the IMO STCW Convention and ILO MLC, 2006, as amended.*

Seafarer's discharge/record book

> *A seafarer's discharge book is issued by flag States to their nationals who are seafarers or foreign nationals employed or engage on board ships that fly the State's flag in accordance with national rules and regulations, and provides a record of the seafarer's seagoing experience and certification.*

# B Crew Health Self-Declaration & Daily Temperature Records

The protocols refer to a seafarer completing a "Crew Health Self-Declaration" and keeping records of daily temperature checks.

The following is a template for a "Crew Health Self-Declaration" and a template for "Daily Crew Temperature Check Records", which should be completed by seafarers while still at their place of ordinary residence or onboard ship, prior to their travel.

CREW HEALTH SELF-DECLARATION FORM

Name of Seafarer:

Date:

[Medical Certificate] [Number/Reference:]
[Date of Examination:]
[Date of Expiry:]

Crew Change Type: ☐ Joining ship
☐ Leaving ship

If joining ship, Place of Ordinary Residence:
(i.e. city/town, country)

If leaving ship, Ship Name:
IMO No.:
Flag State:

Capacity/Position:

Have gone on shore leave in the last 14 days?
Yes / No

Have you maintained a safe distance from any shore-side personnel that have boarded the ship in the last14 days?
Yes / No

Have you received information and guidance on the coronavirus (COVID-19), including about standard health protection measures and precautions?
Yes / No

Do you understand and comply with applicable standard health protection measures and precautions to prevent the spread of the coronavirus (COVID-19), such as proper hand washing, coughing etiquette, appropriate social distancing?
Yes / No

During the last 14 days, have you:

- Tested positive for being infected with the coronavirus (COVID-19)?
  Yes / No If "Yes", please provide date of test and name of test:

- Tested positive for the antibodies for the coronavirus (COVID-19)?
  Yes / No If "Yes", please provide date of test and name of test:

- Shown any symptoms associated with the coronavirus (COVID-19), specifically,
  A new and continuous cough: Yes / No
  A fever: Yes / No

- Completed a period of self-isolation related to the coronavirus (COVID-19)?
  Yes / No If "Yes", please explain the circumstances and the length of self-isolation:

- Had close contact with anyone that has tested positive for coronavirus (COVID-19)?
  ("Close contact" means being at a distance of less than one metre for more than 15 minutes.)
  Yes / No

- Had close contact with anyone with symptoms of the coronavirus (COVID-19)?
  ("Close contact" means being at a distance of less than one metre for more than 15 minutes.)
  Yes / No

- Maintained good personal hygiene and complied with applicable health protection measures and precautions?
  Yes / No

I confirm that the information provided above is correct to the best of my knowledge.

Signature:

Date:

DAILY CREW TEMPERATURE CHECK RECORDS

Name of Seafarer: ( ) of ( ) pages

I confirm that the information below is an accurate record of my body temperature.

Signature:

| Date* | Check 1<br>Temperature** | Time | Check 2<br>Temperature** | Time |
|---|---|---|---|---|

* Use additional rows if checking temperature more than twice daily.
** Temperature may be recorded in degrees Celsius or Fahrenheit.

# C

## Employer Letter and Crew Change & Travel Information Sheet

The protocols refer to the seafarer carrying an employer letter and a document that provides the relevant details about the seafarer, specifically their travel arrangements and ship they are traveling to join or leave.

The following is a template for an employer letter[8] and a Crew Change & Travel Information Sheet, which may be attached to or accompany the letter.

[Company Header/Logo]

[Date]

To Whom this might concern,

Dear Sir / Madam,

CONFIRMATION OF TRAVEL FOR THE PURPOSE OF A CREW CHANGE

This letter has been prepared by [Name of Company] to confirm that [Name of Seafarer, Passport No.] is a seafarer that is traveling for the purpose of a crew change of a ship.

[Name of Seafarer, Passport No.] has been serving onboard [Name of Ship, IMO No.] and is now being repatriated to their place of ordinary residence in [Final Destination].
OR
[Name of Seafarer, Passport No.] is traveling to join the [Name of Ship, IMO No.] to relieve a crew member onboard the ship in [Name of Port, Country].

Crew changes are vital for ensuring the safety of ships and those that operate them and ensures that ships can continue to carry the essential supplies and commodities needed worldwide during the coronavirus (COVID-19) pandemic.

Your understanding and assistance in facilitating the travel and movement of [Name of Seafarer] for the purpose of this crew change is appreciated. Please do not hesitate to contact us if any further information is required.

Yours faithfully,

[Signature]

[Printed Name]

[Position of Company Representative]
[Contact Details]

[8] This template was jointly developed by the International Chamber of Shipping (ICS) and the International Transport Workers' Federation (ITF) with the assistance of ILO.

CREW CHANGE & TRAVEL INFORMATION SHEET

Name of Seafarer:

Date of Birth:
Nationality:
Passport No.:

Seafarer's Discharge / Record Book No.:
Seafarer's Identity Document No. (if applicable):

Company Name:

Ship Name:
IMO No.:
Capacity/Position:

Crew Change Type: ☐ Joining ship
☐ Leaving ship

Service Period Start:
End:

Starting Point of Travel Location:
(e.g. place of ordinary residence, a port) Date:

Final Destination of Travel Location:
(e.g. place of ordinary residence, a port) Date:

Full Travel Itinerary Details:
(e.g. transfers, airports, airlines, flight numbers etc.)

Agent Details:

# D Port – Crew Change Information Sheet

The protocols refer to a document that could be prepared by ports to provide essential information to all concerned about special measures related to coronavirus (COVID-19), which would be relevant to facilitating safe crew changes in the port.

The following are some of the types of information that ports should consider providing in a form that is available to other stakeholders concerned with facilitating safe crew travel and transfers.

PORT – CREW CHANGE INFORMATION SHEET

Date:

Port Name:
Location:
Country:

General information on port operation during the coronavirus (COVID-19) pandemic:

General measures related to the coronavirus (COVID-19) pandemic:

Method(s) of providing health advice/alerts issued to port users:

Description of any health measures and screening procedures
for seafarers arriving at the port to join a ship:
(e.g. temperature checks, health self-declaration forms/questionnaires, testing, etc.)

Description of health measures and screening procedures
for seafarers disembarking ships in the port:
(e.g. temperature checks, health self-declaration forms/questionnaires, testing, etc.)

Description of special measures and procedures
for conducting crew changes in the port:
(e.g. security, customs & immigration, health, etc.)

Designated zones or areas related to facilitating
seafarer movements in port and conducting crew changes:
(Drop-off & pick-up zones, holding/segregation areas, healthcare facilities and assessment areas, etc.)

Description of any special local movement or travel requirements/restrictions:

Port Health Authority Name:
Contact information:
Designated medical/healthcare facilities

References or links to relevant local/national requirements or guidance

# E Airport – Crew Travel Information Sheet

The protocols refer to a document that could be prepared by airports to provide essential information to all concerned about special measures related to coronavirus (COVID-19), which would be relevant to facilitating safe crew travel.

The following are some of the types of information that airports should consider providing in a form that is available to other stakeholders concerned with facilitating safe crew travel and transfers.

AIRPORT – CREW TRAVEL INFORMATION SHEET

Date:

Airport Name:
Location:
Country:

General information on the operation of flights during the coronavirus (COVID-19) pandemic:

General measures related to the coronavirus (COVID-19) pandemic:

Method(s) of providing health advice/alerts issued to airport users and passengers:
(e.g. designated website or app, posters, public address system announcements, etc.)

Description of health measures and screening procedures for arriving passengers:
(e.g. any PPE requirements, temperature checks, health self-declaration forms/questionnaires, testing, monitoring and surveillance, etc.)

Description of health measures and screening procedures for departing passengers:
(e.g. any PPE requirements, temperature checks, health self-declaration forms/questionnaires, testing, monitoring and surveillance, etc.)

Description of designated health authority and facilities in airport
Type:
Location:
Contact:

Special/designated pathways and eligibility
Check-in:
Security:
Border Control:
Customs & Immigration:

Special/designated zones or areas and eligibility
Drop-off & pick-up zones:
Holding/waiting areas:
Segregation areas:

Flight connections and lay-overs special requirements and procedures:

References or links to local/national public health authority requirements or guidance

# F Airline – Crew Travel Information Sheet

The protocols refer to a document that could be prepared by airlines to provide essential information to all concerned about special measures related to coronavirus (COVID-19) during embarkation and disembarkation of aircraft and in-flight.

The following is a suggested template that could be used by airlines to provide some essential information, which may be circulated to those arranging travel or traveling with the airline.

AIRLINE – CREW TRAVEL INFORMATION SHEET

Information on flights and schedules during the coronavirus (COVID-19) pandemic:

General measures related to the coronavirus (COVID-19) pandemic:

Method(s) of providing health advice/alerts to prospective and booked passengers:
(e.g. designated website or app, posters, departure lounge address system announcements, etc.)

Description of pre-boarding/departure gate health measures and procedures:
(e.g. temperature checks, health self-declaration forms/questionnaires, testing, monitoring and surveillance, etc.)

Description of health measures and procedures during embarkation:
(e.g. temperature checks, health self-declaration forms/questionnaires, testing, monitoring and surveillance, etc.)

Description of in-flight health measures and procedures:
(e.g. temperature checks, face masks & gloves requirements, interaction with cabin crew and passengers, etc.)

Description of health measures and screening procedures during disembarkation:
(e.g. monitoring and surveillance, early provision of health declaration card of country of arrival, etc.)

Arrangements for aircraft cabin and baggage disinfection:

Arrangements for monitoring the health of flight and cabin crew:
(e.g. temperature checks, health self-declaration forms/questionnaires, testing, monitoring and surveillance, etc.)

Flight connections and lay-overs special requirements and procedures:

Description of arrangements for bookings and reservations
(e.g. contact information, booking/reservation systems and partners, etc.)

References or links to other relevant international/national regulations or guidance

# G National – Crew Travel Information Sheet

The protocols refer to the need for compliance with the requirements of Governments and their relevant national authorities. As such, all stakeholders involved in facilitating crew travel and changes need to be able to receive and be aware of some essential information about the requirements, approaches and measures established related to the coronavirus (COVID-19) pandemic. These requirements and measures will be related public health, civil aviation, customs, immigration and border control.

The following are areas and elements of information that Governments and relevant authorities should consider providing in a form that is available to other stakeholders concerned with facilitating safe crew travel and changes.

NATIONAL – CREW CHANGE & TRAVEL INFORMATION SHEET

Date:

Country:

General national measures related to the coronavirus (COVID-19) pandemic:

Method(s) of providing public health advice/alerts to public:
(e.g. designated website, national declarations/orders or public advisories)

Requirements and guidance of relevant national authorities

Public Health – Description of relevant requirements and key guidance:

Customs – Description of relevant requirements and key guidance:

Immigration – Description of relevant requirements and key guidance:

Border Control – Description of relevant requirements and key guidance:

Civil Aviation – Description of relevant requirements and key guidance:

Description of any special regional or local variations in requirements and guidance:

| | |
|---|---|
| Permissions | Flights – Confirmation of permission to operate flights and airports<br>Crew changes – Confirmation of permission to conduct crew changes |
| Documentation | Any special documentation required for crew travel or crew changes: |

References or links to public health notices/guidance related to coronavirus (COVID-19)

References or links to maritime circulars/advisories related to coronavirus (COVID-19)

___